**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**ပြည်ထောင်စုဝန်ကြီးရုံး**

**အမိန့်အမှတ် (၁၄ / ၂၀၁၄)**
**နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်**
**(၂၀၁၄ ခုနှစ်၊ မတ် လ ၁၈ ရက်)**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

**ပြည်ပသို့တင်ပို့ခွင့်ပြုသောပစ္စည်းများအား သတ်မှတ်သည့်အမိန့်**

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၁၉၉၉ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်စွဲပါ အမိန့်အမှတ် (၁၀/၉၉)ဖြင့် ထုတ်ပြန်ထားသည့် ပြည်ပသို့တင်ပို့ခွင့်မပြုသော လယ်ယာထွက်ကုန်ပစ္စည်းများအနက်မှ **"ဝါနှင့်ဝါထွက်ပစ္စည်း(ဝါဂွမ်း၊ ချည်မျှင်)"**ကို ပြည်ပသို့တင်ပို့ ခွင့်ပြုသောပစ္စည်းအဖြစ် ပြင်ဆင်သတ်မှတ်လိုက်သည်။

၂။ ပြည်ပသို့တင်ပို့ခွင့်မပြုသော ကျန်ပစ္စည်းများကိုပြည်တွင်း ဈေးကွက်လိုအပ်ချက် အခြေအနေများအပေါ် မူတည်ပြီး အခါအားလျော်စွာ ပြင်ဆင် ပြောင်းလဲသင့်သည်များကို ပြင်ဆင်ဆောင်ရွက်ခွင့် ပြုမည်ဖြစ်ပါသည်။

(ပုံ) ဦးဝင်းမြင့်
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

စာအမှတ် ၊စက-၁၄/၁(၃)-၂၀/၂၀၁၄ ( ၃၅ )
နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်
(၂၀၁၄ ခုနှစ် ၊ မတ် လ ၁၈ ရက်)

\\172.16.109.2\share\(4)MO OFFICE\New Letter.docx

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး

တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့ရုံးအားလုံး

အတွင်းရေးမှူး ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ် ၊ ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ် ၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန

ဦးဆောင်ညွှန်ကြားရေးမှူး၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းသို့ မြန်မာနိုင်ငံ ပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။

ဥက္ကဋ္ဌ၊ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (ညီနောင်အသင်းများထံ ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။)

အမိန့်အရ

( ဦးဟန် )

ရုံးအဖွဲ့မှူး